# စီမံကိန်းလုပ်ဆောင်မှုဆိုင်ရာ ထုတ်ပြန်ချက်

Co-funded by
the European Union

# MADE in Myanmar

## စီမံကိန်းအကြောင်းအရာ အကျဉ်းချုပ်

| | |
|---|---|
| စီမံကိန်းအမည် | မြန်မာနိုင်ငံ အထည်အလိပ်၊ အထည်ချုပ် ၊ဖိနပ်နှင့် အိတ်ချုပ်လုပ်ရေး လုပ်ငန်းတွင်းရှိ သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေး အတွက် အကျိုးသက်ဆိုင်သူများ ပါဝင်သည့် မဟာမိတ်အဖွဲ့ အစည်း (MADE in Myanmar) |
| ပံ့ပိုးပေးသည့် အဖွဲ့အစည်း | ဥရောပသမဂ္ဂနှင့်အတူ အခြားသော ပုဂ္ဂလိကအဖွဲ့ အစည်းများမှ ကူညီထောက်ပံ့ပေးထားသည် |
| အသုံးစရိတ် | ယူရိုငွေ (၃ သန်း) +အခြားပုဂ္ဂလိက လက်လီဖြန့်ချီသူများ ထံမှရရှိသည့် ရံပုံငွေများ |
| စီမံကိန်းကာလ | ၂၀၂၂ ဒီဇင်ဘာလ ၁၃ရက်မှ- ၂၀၂၆ ဒီဇင်ဘာလ ၁၂ရက်ထိ |
| ဦးဆောင်အဖွဲ့အစည်း | sequa gGmbH |
| မိတ်ဖက်အဖွဲ့အစည်း | EuroCham Myanmar |
| သင်ကြားရေးအဖွဲ့ | အတွေ့အကြုံရှိ လူမှုကျင့်ဝတ်ဆိုင်ရာ လေးစားလိုက်နာမှု စည်းကျပ်အကြံပေးများ၊ လျှပ်စစ်ဆိုင်ရာ၊ စက်မှုဆိုင်ရာနှင့် အထည်အလိပ်ဆိုင်ရာအင်ဂျင်နီယာများ၊အထည်အလိပ် ဆိုင်ရာ ဓာတုစက်မှုစီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင်များ၊ သင်တန်းနည်းပြများ နှင့် ဆရာဝန် တို့ပါဝင်ပါသည်။ |
| ဦးစားပေးလုပ်ဆောင်နေသည့် အစီအစဉ်များ (အကျဉ်းချုပ်) | **SMART စက်ရုံများအစီအစဉ်**<br>• လူမှုကျင့်ဝတ်ဆိုင်ရာ လေးစားလိုက်နာမှု<br>• လုပ်ငန်းခွင်ဆိုင်ရာ ကူးလူးဆက်သွယ်ခြင်း<br>• စွမ်းအင်၊ စွန့်ပစ်အမှိုက်နှင့် ရေ<br>• ဓာတုပစ္စည်း စီမံခန့်ခွဲမှု<br>**ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချ ဖြန့်ဖြူးသည့် လုပ်ငန်းဆောင်ရွက်မှု ဖိုရမ်ဆွေးနွေးပွဲ အစီအစဉ်**<br>• လုပ်ငန်းစုအဆင့် ဆွေးနွေးခြင်း<br>• နှစ်ပွင့်ဆိုင် စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း<br>• ထိုက်သင့်သောစိစစ်စစ်ဆေးမှုအကြောင်း လူထု အသိပညာမြင့်တင်ရေး<br>• ကုမ္ပဏီများနှင့် စီးပွားရေး အသင်းအဖွဲ့များ ဥပဒေနှင့် အညီဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည် တည်ဆောက်ခြင်း<br>• အလုပ်သမားအခွင့်အရေးဆိုင်ရာ များလုပ်ဆောင်နေသည့် အဖွဲ့အစည်းများနှင့် အလုပ်သမားသမဂ္ဂများအားပံ့ပိုးခြင်း<br>• အလုပ်သမားနစ်နာချက် ယန္တရားထူထောင်ခြင်း<br>**အမျိုးသမီးများကဏ္ဍတိုးတက်ရေးအတွက်စင်တာများ**<br>• အလုပ်သမားများအတွက် အာဟာရပြည့်ဝမှု အထောက်အကူပြုသိလိုရာမေးကဏ္ဍ<br>• စက်ချုပ်သင်တန်း<br>• ကွန်ပြူတာသင်တန်းနှင့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှုအတွေ့အကြုံများမျှဝေခြင်း<br>• အပြန်အလှန်သတင်းအချက်အလက်မျှဝေခြင်း<br>• စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာပံ့ပိုးမှုများ |





## မျှော်မှန်းချက်များနှင့် ရလဒ်များ

- ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ အထည်ချုပ်ကဏ္ဍရှိ တာဝန်ယူမှုရှိသော စီးပွားရေးအမူအကျင့်များ အားကောင်းလာစေရန်နှင့် ၎င်းတို့အား ထိန်းသိမ်းရန်ဖြစ်သည်။

## ရလဒ်များ

- အောင်မြင်လျက်ရှိသော "SMART Factories" အစီအစဉ်ကို ဆက်လက်လုပ်ဆောင်ခြင်းဖြင့် အထည်အလိပ်၊ အဝတ်အထည်နှင့် ဖိနပ်လုပ်ငန်းများတွင် လူ့အခွင့်အရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများကို ထိန်းသိမ်းစောင့်ကြပ် ကြည့်ရှုမည် ဖြစ်ပါသည်။
- တာဝန်ယူမှုရှိသော လုပ်ငန်းအလေ့အကျင့်များကိုတိုးမြှင့် စောင့်ကြပ်စစ်ဆေးခြင်းများလုပ်ဆောင်မည်ဖြစ်ပါသည်။
- အထည်ချုပ်ကဏ္ဍတွင် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်များ ရှာဖွေထိန်းသိမ်းထားနိုင်စေရန် အမျိုးသမီး အလုပ်သမားများအား ပံ့ပိုးပေးမည်ဖြစ်ပါသည်။

## ရည်မှန်းချက်များ

- စက်ရုံပေါင်း ၂၀၀ အား SMART Factory Programme ပါဝင်လာစေပြီး လုပ်ငန်းခွင်အတွင်း အကဲဖြတ်ခြင်းနှင့် နောက်ဆက်တွဲဆောင်ရွက်မှုများ ပါဝင်သော လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်မှုများအပေါ် အကြံပေးနိုင်သည့် လုပ်ငန်းဆိုင်ရာ သင်ရိုးများတွင် ပါဝင်လာစေမည်ဖြစ်သည်။
- နည်းပညာအလုပ်ရုံ ဆွေးနွေးပွဲများတွင် ပါဝင်သူစုစုပေါင်း ၁၄၄၀ ခန့် ရှိမည်ဖြစ်သည်။
- နည်းပညာ ကျွမ်းကျင်သူများနှင့် စစ်ဆေးသူ (၂၀) ဦး ပေါ်ထွက်လာ၍ ၎င်းတို့၏ စွမ်းရည်အား မြှင့်တင်ပေးမည်ဖြစ်သည်။
- အလုပ်သမားနစ်နာချက် ယန္တရား (၁) ခုကိုတည်ဆောက်မည်ဖြစ်သည်။
- ဘရပ်ဆဲလ်မြို့တွင် မူဝါဒဆိုင်ရာ ဆွေးနွေးမှု (၄) ခု အား ပြုလုပ်မည်ဖြစ်သည်။
- လုပ်ငန်းစုအဆင့်ပွဲများတွင် စုစုပေါင်း ပါဝင်သူ ၁၅၀၀ ကျော် ရှိလာရန် မျှော်မှန်းသည်။
- အလုပ်သမားအခွင့်အရေးဆိုင်ရာများ လုပ်ဆောင်ပေးနေသည့်အဖွဲ့အစည်း (၅) ခုမှ (၁၀) ခု အထိအား ထောက်ပံ့ပေးမည်ဖြစ်သည်။
- သာလွန်ကောင်းမွန်သောအလေ့အကျင့်များအား ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် ပူးတွဲကတိကဝတ် (၄) ခုကို နိုင်ငံတကာလက်လီရောင်းချသူများမှ သဘောတူ၍ လိုက်နာဆောင်ရွက်နိုင်ရန် လုပ်ဆောင်မည်ဖြစ်သည်။
- အထည်ချုပ်/အထည်အလိပ် လုပ်ငန်းရှိ အမျိုးသမီးများ၏ အသက်မွေးဝမ်းကြောင်းဆိုင်ရာအလုပ်အကိုင်အခွင့်အလမ်းတိုးတက်လာစေရန်အတွက် အစီအစဉ်အသစ် (၁) ခုကို တိုးမြှင့်ဆောင်ရွက်ထားမည်ဖြစ်သည်။
- ရွှေ့ပြောင်းအမျိုးသမီးအလုပ်သမားများအား ပံ့ပိုးကူညီမှု အပေါ်အလေးပေးဆောင်ရွက်သည့်အမျိုးသမီးရေးရာစင်တာ(၂)ခု ကိုလည်းပြုလုပ်မည်ဖြစ်သည်။

Co-funded by the European Union

## ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်နေသည့် လုပ်ဆောင်ချက်များ

- MADE ၏ စက်ရုံဆိုင်ရာ အကြံပေး အစီအစဉ်များနှင့် လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းများနှင့် ဆွေးနွေးပွဲများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် စတင်လုပ်ဆောင်ခဲ့သည်။ အဆိုပါ စီမံကိန်းများအား အကောင် အထည်ဖော် ဆောင်ရွက်နေသည့်ရုံးသည် စက်ရုံ အကဲဖြတ်မှုနှင့် လေ့ကျင့်သင်ကြားပေးရေးဆိုင်ရာ အဖွဲ့ခွဲ (၅) ခုတို့အား (လူအယောက် ၂၀ ခန့်)ဖြင့် လည်ပတ်လုပ်ကိုင်လျက်ရှိ၍ လူမှုကျင့်ဝတ်ဆိုင်ရာ လေးစားလိုက်နာမှု၊ အလုပ်သမား/ မန်နေဂျာများကြား ဆက်သွယ်/ဆက်ဆံရေးနှင့် အလုပ်သမား နှစ်နာချက်ယန္တရားများ၊ လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ဓာတုပစ္စည်းများ စီမံခန့်ခွဲမှု၊ စွမ်းအင်ထိရောက်မှု၊ အလုပ်ခွင်အတွင်းရှိ အာဟာရအစီအစဉ်များ၊ ဘေးအန္တရာယ်ကင်းရှင်းသည့် ဆေးပေးခန်းနှင့် အခြားသော အကြောင်းအရာများအား သင်ပြပို့ချ ပေးလျက်ရှိပါသည်။
- အခြေခံကွန်ပြူတာနှင့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ၊ အလုပ်သမားများ၏ အာဟာရအတွက် ကူညီဆောင်ရွက်ပေးခြင်းများ၊ စက်ချုပ်သင်တန်းများပို့ချပေးခြင်း စသည်တို့ကို ၂၀၂၃ ဖေဖော်ဝါရီလမှစ၍ MADE အမျိုးသမီးများ စင်တာတွင် စတင်လုပ်ဆောင်ခဲ့သည်။
- အခြားအကြံပေးဝန်ဆောင်မှု လုပ်ငန်းများနှင့်ပူးပေါင်း၍ ပြည်တွင်း၌ လူမှုကျင့်ဝတ်ဆိုင်ရာ လေးစားလိုက်နာမှု စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာမှုရှိစေရန် အတွက်လည်းဆောင်ရွက်လျက်ရှိသည်။
- စီမံကိန်း၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် EuroCham Myanmar နှင့်အတူ ဥရောပနိုင်ငံများရှိ စီးပွားရေးအဖွဲ့အစည်း များနှင့်အပြန်အလှန်ဆွေးနွေးမှုများအား တိုးမြှင့်လုပ်ဆောင်နိုင်ခဲ့သည့်အပြင် ဂျာမနီနှင့် ဥရောပသမဂ္ဂမှ ပိုမိုကောင်းမွန်သည့် ကုန်ပစ္စည်းများထုတ်လုပ်ရောင်းချ ဖြန့်ဖြူးသည့် လုပ်ငန်းဆောင်ရွက်မှုစံနှုန်းများအား ဖြန့်ဖြူးပေးနိုင်ခဲ့သည်။



MADE In Myanmar စီမံကိန်းကို ဥရောပသမဂ္ဂနှင့် အတူ အခြားသော ပုဂ္ဂလိက အဖွဲ့အစည်းများမှလည်း အားဖြည့် ကူညီပံ့ပိုးကူညီပေးထားသည်။

Made in Myanmar ပရောဂျက်သည် ၂၀၁၃ ခုနှစ်မှ စတင်၍ အောင်မြင်လာခဲ့သော SMART စက်ရုံအစီအစဉ်များကို ဆက်လက် အကောင်အထည်ဖော်ဆောင်ချဲ့ထွင်လာနိုင်ခဲ့သည်။ ထို့ကြောင့် SMART သည် MADE ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေသည့်အပြင် ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချဖြန့်ဖြူးသည့် လုပ်ငန်းဆောင်ရွက်မှု အစိတ်အပိုင်းနှင့်ရွှေ့ပြောင်းအမျိုးသမီးလုပ်သားများအား တိုးမြှင့်ထောက်ပံ့ကူညီပေးခြင်း အစိတ်အပိုင်းတစ်ခုအဖြစ်လည်း ဆက်လက်တည်ရှိနေပါသည်။ဂုဏ်သတင်းကျော်ကြားသော SMART ပရောဂျက်အဖွဲ့နှင့်အတူတကွ လက်တွဲလုပ်ဆောင်ခြင်းဖြင့် စက်ရုံအလုပ်ရုံများသို့ ပိုမိုလွယ်ကူစွာဝင်ရောက်နိုင်သည့်အပြင် စီးပွားရေးအဖွဲ့အစည်းများနှင့် ပိုမိုချိတ်ဆက်ပါဝင်လာနိုင်၍ အလုပ်သမားများနှင့်အလုပ်သမားကိုယ်စားလှယ်များ၏ ယုံကြည်မှုကိုရရှိနိုင်သည်။ အပြန်အလှန်လေးစားမှုရှိသော လုပ်ငန်းခွင်ဆက်ဆံရေးကို ပြုစုပျိုးထောင်ခြင်းသည် လုပ်ငန်းအောင်မြင်မှု၏ သော့ချက်တစ်ခုဖြစ်ပြီး စီမံကိန်းအဖွဲ့သည်လည်း လုပ်ဆောင်မှုရလဒ်များရရှိရန် စီမံခန့်ခွဲရေးကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ် နှစ်ဦးနှစ်ဖက်လုံးနှင့် ထိတွေ့ဆက်ဆံ ပူးပေါင်းဆောင်ရွက်ကြသည်။

SMART စက်ရုံများအစီအစဉ်အား အသေးစိတ် သိရှိလိုပါက www.smartmyanmar.org. သို့ဝင်ရောက်လေ့လာနိုင်ပါသည်။


**တာဝန်ခံများ:**

Sabine Erez, (စီမံကိန်း ဒါရိုက်တာ) sabine.erez@sequa.de
Jacob A. Clere, (အဖွဲ့ခေါင်းဆောင်) jacob.clere@smartmyanmar.org
စုမွန်သဲ (အကြီးတန်းစီမံကိန်း မန်နေဂျာ) sumon@smartmyanmar.org


*နောက်ဆုံးပြင်ဆင်ထားရှိမှု- မတ်လ၊ ၂၀၂၃*

ဤထုတ်ဝေမှုတွင် ဖော်ပြထားသော အမြင်များသည် ဥရောပသမဂ္ဂ သို့မဟုတ် အခြားအလှူရှင်များ၏ အမြင်များကို ကိုယ်စားမပြုပါ။